၉။ ဥစ္စာသယနမဟာသယနာ ဝေရမဏီ= မြင့်သော နေရာ ကြီးကျယ်ဆန်းပြား ခမ်းနားသော နေရာ၌ နေထိုင် အိပ်စက်ခြင်းမှ ရှောင်ကြဉ်ရခြင်း။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ=ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်ရခြင်း။

[ဤဆယ်ပါးသီလ၌ မှတ်ဘွယ်ကို နောက်ဆက်တွဲမှာ ပြထားသည်။]

## ဥပဇ္ဈာယ် ယူစေခြင်း

[ဆယ်ပါးသီလကို ပြောပြပြီးနောက် ဥပဇ္ဈာယ်ဆရာ၏အကြောင်းကို ပြောပြ၍ ဥပဇ္ဈာယ်ယူပါစေ၊ ဥပဇ္ဈာယ်ယူရခြင်း၏ အကြောင်းကို နောက်ဆက်တွဲ၌ အကျယ်ပြထားသည်။]

ကိုရင်.... "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" ဤသို့ ၃-ခေါက်ဆို၍ ဥပဇ္ဈာယ်ယူပါ၊ [မြန်မာလို– "တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား"—ဟု ဆိုလိုသည်။]

ဆရာ...."ပါသာဒိကေန သမ္ပာဒေဟိ"ဤသို့ ဆရာကဆို၍ ဥပဇ္ဈာယ်ယူခြင်းကို လက်ခံလိုက်ရသည်၊ [မြန်မာလို– ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးကို ပြည့်စုံစေလော"–ဟု ဆိုလိုသည်၊ တပည့် ၂-ပါး ၃-ပါးစသည်များလျှင် "သမ္ပာဒေထ"–ဟု ဆိုပါ။]

ဤမျှသော အစဉ်ဖြင့် ရှင်သာမဏေပြုပေးခြင်းနှင့် စပ်သော ကိစ္စများ ပြီးပေပြီ၊ ထို့နောက် ရှင်သာမ